# ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ
## နှစ်သစ်ကူး "သဝဏ်လွှာ"

၂၀၁၄ ခုနှစ် နှစ်ဟောင်းကြွေ၍ ၂၀၁၅ ခုနှစ် နှစ်သစ်ဝေလာလေပြီ။ နှစ်ဟောင်းမှ ပဋိပက္ခများ၊ အာဃာတ များ၊ ရန်ငြိုးရန်စရှိသမျှများ ကိုထားခဲ့ပြီး အပြုသဘောဆောင်သည့် အကောင်းများကိုသာ နှစ်သစ်သို့ ဆက်လက်သယ်ဆောင် အားဖြည့်ခြင်းဖြင့် ၂၀၁၅ ခုနှစ်အား မင်္ဂလာနှစ်သစ်ဖြစ်ရေးအတွက် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ၏ ပြည်ထောင်စုဆိုင်ရာ တွေးမြင်ယူဆ ချဉ်းကပ်ပုံကို ပြည်သူလူထုသို့ တင်ပြလိုက်ပါသည်။

၁။ ဤပြည်ထောင်စု နယ်မြေအတွင်း၌ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် ရှေးပဝေသဏီကစ၍ သမိုင်းအဆက်ဆက်တွင် ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် လွတ်လပ်စွာ နေထိုင်ခဲ့ကြသည်။ ထို့နောက် ဗြိတိသျှကိုလိုနီနယ်ချဲ့၏ သိမ်းပိုက်မှုအောက်တွင် နှစ်ပေါင်းများစွာ အတူတကွ ကျွန်ပြုခြင်း ခံခဲ့ကြရသည်။ မိမိတို့ဆုံးရှုံးခဲ့ကြသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတို့ကို အတူတကွ ပြန်လည်ရယူပြီး ပြည်ထောင်စုကြီးကိုပါ တပြိုင်နက်တည်း ထူထောင်နိုင်ရန် ပင်လုံညီလာခံကြီးကို ၁၉၄၇ ခုနှစ်တွင် ခေါ်ယူကျင်းပခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် သဘောတူ လက်မှတ်ရေးထိုးခဲ့သည်။ ဤသမိုင်းကြောင်းနောက်ခံကို အလေးအနက် တန်ဘိုးထား အသိအမှတ်ပြုရန် လိုအပ်ပါ သည်။

၂။ အမျိုးသားပြည်နယ်အသီးသီးတွင် ဒီမိုကရေစီအခွင့်အရေး၊ အမျိုးသားတန်းတူရေး နှင့် ကိုယ်ပိုင်ပြဌာန်းခွင့်များကျင့်သုံးခွင့် ရှိသည့် အခြေခံတွင် ပြည်ထောင်စုကြီးအား စုပေါင်း တည်ဆောက်နိုင်ရေး အတွက် ပင်လုံစာချုပ်ကြီးကို ညီညာဖြိုဖြို လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။ သို့ရာတွင် လွတ်လပ်ရေးရပြီးနောက် သက်ဆိုင်ရာအာဏာပိုင်များက အကောင်ထည်ဖော် ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ကြသည့်အပြင် ၁၉၆၂ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးနောက် ပိုင်း အာဏာရှင် စနစ်ဆိုးကို ရာစုနှစ်ဝက်ကျော် ဖေါ်ဆောင်ခဲ့သဖြင့် ပြည်တွင်းစစ်မီးတောက်လောင်ခဲ့ပြီး လူ့အသက် အိုးအိမ် စည်းစိမ်ပေါင်းများစွာ ပျက်စီးခဲ့ရ၊ အဖိုးတန်ရတနာနှင့် သဘာဝတွင်းထွက်ပစ္စည်း များစွာ စစ်မီးထဲတွင် ဆုံးရှုံးခဲ့ရခြင်း ဖြစ်သည်။ အထက်ပါ သမိုင်းကြောင်းအခြေခံတွင် စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ကာ၊ ပြည်တွင်းစစ် မီးကို မှန်ကန်စွာ ငြိမ်းသတ်နိုင်ပါမှသာ တရားမျှတ၊ လွတ်လပ်၊ ငြိမ်းချမ်းပြီး တိုးတက်ဖွံ့ဖြိုးသည့် နိုင်ငံ ဖြစ်တည်လာနိုင်ပေမည်။

၃။ ပြည်ထောင်စု ဆိုင်ရာပြသနာများကို နိုင်ငံရေးအရ ဆွေးနွေးအဖြေရှာနိုင်ရေး အတွက် တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသည် အရေးကြီးသည်မှန်သော်လည်း ယင်းတခုတည်းဖေါ်ဆောင်ရုံမျှဖြင့် ငြိမ်းချမ်းရေး အစစ်အမှန် ကို ဦးတည်နိုင်မည် မဟုတ်ပါ။ အခြားကျောရိုးကျသည့်လူထုဆိုင်ရာ ပြသနာရပ်ကြီးအချို့ အားမီးမောင်းထိုး အဖြေရှာနိုင်သည့်အပြင် **တနိုင်ငံလုံးအပစ်အခတ်ရပ်စဲပြီးသည်နှင့်တပြိုင်နက်**

(က) ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေး နှင့် (ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ) ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးများ အပြည့်အဝရှိသော အမျိုးသားပြည်နယ်များပါဝင်ဖွဲ့စည်းသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ဆောက်သွားမည်ဖြစ်ကြောင်း နှင့်

(ခ) အမျိုးသား ခုခံစစ်ကို ဆင်နွှဲလျှက်ရှိသော တိုင်းရင်းသားတော်လှန်ရေးတပ်ဖွဲ့များ တရားဝင်ရပ်တည် အသွင်ကူးပြောင်းနိုင်ရေးကို ရှေ့ရှုလျှက် တခုတည်းသော ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်ပေါ် ပေါက်လာရေးအား စုပေါင်းကြိုးပမ်းဖေါ်ဆောင်သွားမည်ဖြစ်ကြောင်း အခိုင်အမာ သဘောတူညီချက်

ရရှိရန် လိုအပ်ပေသည်။ ယင်းမှာ ဥပဒေစိုးမိုးရေးဘောင်တခုတည်း၏အောက်သို့ ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတွင်းရှိ တပ်များအားလုံး တသားတည်း တညီတညွတ်တည်း ရောက်ရှိခြင်းဖြင့် ငြိမ်းချမ်းမှုကို စစ်မှန်စွာ

အထောက်အကူပြုနိုင်ရန်ဖြစ်သည်။

၄။ ငြိမ်းချမ်းရေးသည် ယဉ်ကျေးသည့် လူ့အဖွဲ့အစည်းတွင် ရှိအပ်သည့် တန်ဘိုးဖြစ်သည်။ စစ်မက်နှင့် အကြမ်းဖက်ပဋိပက္ခများ မရှိခြင်းသည် ငြိမ်းချမ်းရေး၏ အသွင်လက္ခဏာတရပ်ဖြစ်သည် အမှန်ပင်။ သို့ရာတွင် စစ်မက် မရှိရုံမျှဖြင့် မူ ငြိမ်းချမ်းရေး ဟု ခေါ်ဆိုနိုင်မည် မဟုတ်ပါ။ ဤတွင် ငြိမ်းချမ်းရေး ဟူသည်မှာမည်သည့်အရာဖြစ်သည်ကိုစနစ်တကျ စစ်ကြောရန်လိုအပ်လာသည်။ မိမိတို့မြတ်နိုးရှာဖွေနေသည်မှာ မည်သည့်အရာမှန်းသေချာစွာမသိရှိပါက **"တံလျှပ်ကို ရေထင် ရွှေသမင် အလိုက်များ"** သလိုဖြစ်ကာ မည်သည့်အခါတွင်မျှ လက်ဝယ်ပိုင်ပိုင် ရနိုင်မည် မဟုတ်ပါ။ ငြိမ်းချမ်းရေး ဆိုသည်မှာ ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတဝှမ်းလုံးတွင်

(၁) မတရားအကြမ်းဖက်မှုများ ကင်းမဲ့ခြင်း၊

(၂) မတရားဖိနှိပ်မှု နှင့် အခွင့်အရေးဆုံးရှုံးခံရမှုများ မရှိခြင်း၊

(၃) ၎င်းတို့ ရှိလာပါက လူထုအနေဖြင့် ထိရောက်စွာ တိုင်တန်းအရေးယူနိုင်သည့် ဘက်မလိုက်သည့် တိုင်းပြည်အဆောက်အအုံယန္တယားများတည်ရှိခြင်း၊

ဟူသည့် ကြန်အင်လက္ခဏာသုံးရပ်တပြိုင်တည်း တည်ရှိခြင်းဖြစ်သည်။ ၎င်းတို့ ဖြစ်တည်လာစေရန် ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (ယူအင်န်အက်ဖ်စီ) အနေဖြင့် မဆုတ်မနစ် ကြိုးပမ်းသွားပါမည်။

၅။ မြေယာနှင့် စပ်လျဉ်း၍ ဒေသခံလူထုများသည် မတရားအကြမ်းဖက်မှုများပြုခံရ၊ မတရား ဖိနှိပ်မှု နှင့် အခွင့်အရေးဆုံးရှုံးမှုများ ပေါ်ပေါက်လျက်ရှိသည်။ ယင်းတို့မှာ အရင်းခံအားဖြင့် လယ်လုပ်သူလယ်ပိုင်ခွင့်၊ အကန့်အသတ်အရ တဦးချင်းမြေယာပိုင်ဆိုင်ခွင့် နှင့် အမျိုးသားပြည်နယ်တခုချင်းစီအတွင်းတွင် ဒေသခံ တိုင်းရင်းသားများ၏ မြေယာအပေါ် စုပေါင်းပိုင်ဆိုင်အသုံးချခွင့် စသည်တို့ကို ဥပဒေနှင့် အညီ အသိအမှတ် မပြုသောကြောင့်ဖြစ်သည်။ မြေယာနှင့် စပ်လျဉ်း၍ လူထု၏ နစ်နာဆုံးရှုံးမှုများအား ထိရောက်စွာ တိုင်တန်း အရေးယူနိုင်သည့် ဘက်မလိုက်သည့် တိုင်းပြည်အဆောက်အအုံယန္တယားများကင်းမဲ့နေခြင်းကြောင့် အဆိုပါ ဒေသများတွင် စစ်မက်မဖြစ်ပွားသေးသော်လည်း လူထုအတွက် ငြိမ်းချမ်းမှု ဆိတ်သုဉ်းလျက်ရှိနေသည်။

၆။ ငြိမ်းချမ်းရေးပျက်စီးဆုံးရှုံးမှုကြောင့် ခံစားနေကြရသည်မှာ တိုင်းရင်းသားပေါင်းစုံလူထုကြီးတရပ်လုံး ဖြစ်သည်။ အဆိုပါ လူထုကြီးရသင့်ရထိုက်သည့် အခွင့်အရေးများအတွက် စွမ်းစွမ်းတမံ ရပ်တည် ကာကွယ်တိုက်ပွဲဝင်ပေးလျက်ရှိသော စစ်မှန်သည့် လူထုအသင်းအဖွဲ့များနှင့် လက်တွဲကာ ယူအင်အက်ဖ်စီအနေဖြင့် လူ့အခွင့်အရေး၊ ဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားများ၏ တန်းတူရေး နှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အခြေခံများမှနေ၍ လူထုကြီးတရပ်လုံး စစ်မှန်သည့် ငြိမ်းချမ်းရေးခံစားရရှိနိုင်သည်အထိ ကျားကုတ်ကျားခဲ ဆက်လက်ကြိုးပမ်းသွားမည် ဖြစ်ကြောင်း နှစ်သစ်ဦး အခါသမယတွင် သတင်းကောင်းပါးအပ်ပါသည်။

၇။ ၂၀၁၅ ခုနှစ်အား မင်္ဂလာ နှစ်သစ်ဖြစ်စေရန် အယူအဆဟောင်းများကို ထားခဲ့ပြီး အတွေးအခေါ်အသစ် နှင့် ချဉ်းကပ်ရန် လိုပါမည်။ ယင်းမှာ အဘယ်နည်း။ တိုင်းရင်းသားလူမျိုးများသည် ပြည်ထောင်စုကို အတူတကွ တည်ဆောက်ခဲ့ကြသူများ ဖြစ်ရုံသာမက အတူတကွပိုင်ဆိုင်ကြသူများဖြစ်ကြောင်း၊ ယင်းကို အလေးအနက် အသိအမှတ်ပြုရန်လိုအပ်ကြောင်း၊ လူမျိုးတမျိုးတည်းက ပြည်ထောင်စုကို အပိုင်စီးထားခြင်းမျိုးမဖြစ်သင့်ကြောင်း၊ တိုင်းရင်းသားလူမျိုးများအပေါ် ရိုးသားဖြူစင်စွာ ချဉ်းကပ်ပြီး အရင်းခံပြဿနာမှန်သမျှကို တန်းတူရေးအခြေခံတွင် ပွင့်ပွင့်လင်းလင်း တိုင်ပင် ညှိနိုင်းဆွေးနွေး ဖြေရှင်းကြခြင်းသည်သာ တိုင်းပြည်အတွက်ရော တိုင်းရင်းသားပေါင်းစုံလူထုကြီး တရပ်လုံးအတွက်ပါ ထိထိရောက်ရောက် အကျိုးရှိမည် ဖြစ်ကြောင်း အစရှိသည်တို့ပင်ဖြစ်သည်။

သမိုင်းသည် အမှန်တရားဖြစ်သည်။ အမှန်တရားသည် လောကသစ္စာဖြစ်သည်။ သမိုင်းကို အမှန်အတိုင်း ရှုမြင်လက်ခံခြင်း၊ သမိုင်းမှန်အပေါ်အခြေခံ၍ ပြည်ထောင်စုကို ပြန်လည်ပြုပြင်တည်ဆောက်ရန်ကြိုးပမ်းခြင်း၊ သမိုင်းမှ စတင် သန္ဓေတည်ခဲ့သော အရင်းခံပြဿနာများကို အပေါ်ယံမျှမဟုတ်ဘဲ တန်ဘိုးကို သိမြင်စွာ အနှစ်သာရရှိရှိ စုပေါင်း အဖြေရှာကြခြင်းတို့ကိုသာ ကျင့်သုံးမည်ဆိုပါက စစ်မှန်သည့် ပြည်တွင်းငြိမ်းချမ်းရေး ပန်းတိုင်ကို မုချမသွေ လှမ်းကိုင်နိုင်မည်ဖြစ်ကြောင်းဖြင့် တိုင်းရင်းသားပေါင်းစုံ လူထုကြီးတရပ်လုံးအား နှစ်သစ်ကူး သဝဏ်လွှာဆက်သအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့<br>
ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ<br>
၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၅) ရက်